# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 26 , 2025 Volume 87, Number 17


၂၆.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၅.၉၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၂၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၉.၆၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ် ကြက်သွန်နီပိဿာ ၅၀,၀၀၀ ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်သွက်လျက်ရှိ



ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်းနေ့စဉ် ကြက်သွန်နီ ပိဿာ ၅၀,၀၀၀ ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ရေဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ၊မြစ်သား၊ ကျောက်ဆည် စသည့်ဒေသတို့မှထွက်ရှိသော ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်။

"အခုရက်ပိုင်းမှာ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီတွေ အဝင်များနေပြီး ဈေးသက်သာတဲ့ အချိန်လို့ ပြောလို့ရတယ်။ စားသုံးသူတွေအနေနဲ့ နောက်လတွေအတွက် ဖြစ်ဖြစ်၊ သကြံန်ကာလအတွက်ဖြစ်ဖြစ် ကြိုဝယ်မယ်ဆိုရင် အခုချိန်က အသင့်တော်ဆုံးပါပဲ။ လက်ရှိ ကြက်သွန်နီဈေးနှုန်းက စားသုံးသူ၊ရောင်းချသူတွေအတွက်ပါ အဆင်ပြေတယ် ဒီထက်ဈေးကျသွားရင်လည်း တောင်သူတွေအတွက် အဆင်မပြေဖြစ်လာနိုင်တယ်” ဟု မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီရိမင်္ဂလာဈေး ၊ တည်းကုန်းဈေးနှင့် သိမ်ကြီးဈေး စသည့်ဈေးကြီးများ၌ ရောင်းချသူများက လက်ကားလာရောက်ဝယ်ယူကြပြီး စားသုံးသူများကို လက်လီပြန်လည်ဖြန့်ဖြူး ရောင်းချပေးနေသည့်

အပြင်တခြားပြည်တွင်းဈေးကွက်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်စသည့်ဒေသများသို့လည်း တင်ပို့နေရကြောင်း သိရသည်။

ထို့ပြင် ကြက်သွန်နီများကို ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့်ဗီယက်နမ်၊မလေးရှားစသည့်နိုင်ငံတို့သို့ နှစ်စဉ်တန်ချိန် ၇၀,၀၀၀ နှင့် ၈၀,၀၀၀ ကြားတင်ပို့နေရကြောင်း၊ ထိုသို့ ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသည့်အတွက် ပြည်တွင်းမှ ကြက်သွန်စိုက်တောင်သူများကလည်း ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်မှ ကြက်သွန်ဖြူအသစ်များ စတင်ထွက်ရှိ




ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများ၌ ဆောင်းရာသီတွင် ကြက်သွန်ဖြူကို စိုက်ပျိုးလျက်ရှိပြီး ကြက်သွန်ဖြူအသစ်များ ထွက်ရှိနေကြောင်း ဘုရားဖြူကျေးရွာမှကြက်သွန်ဖြူစိုက်တောင်သူတစ်ဦးကပြောပြသည်။

ကြက်သွန်ဖြူစိုက်တောင်သူများသည် စိုက်ပျိုးရေးစနစ်၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာသုံးစွဲမှုစနစ်များကို ပြုပြင်ပြောင်းလဲစိုက်ပျိုးလာခြင်းကြောင့် ကြက်သွန်ဖြူများအရည်အသွေးပြည့်ပြီး အထွက်နှုန်းတိုးတက်လာလျက်ရှိသည်။

နေ့စဉ် ကြက်သွန်ဖြူဈေးနှုန်းမှာ အတက်အကျရှိနေသော်လည်း စားသုံးသူအတွက် ဈေးသင့်ပြီးစိုက်ပျိုးရေးတောင်သူများအတွက် အကျိုးအမြတ်ရရှိစေမည့် ပုံသေဈေးနှုန်းကို တောင်သူများက မျှော်လင့်နေကြောင်း သိရသည်။

**Source:** ကြေးမုံသတင်းစာ

## မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးရလွယ်ကူသော ရုံးပတီသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီးနှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ 10 kg ပါ တစ်ထုပ်ခန့်ကုန်ကျကြောင်း၊ တန်းခြား သုံးပေ၊ ပင်ခြား တစ်ပေ-တစ်ပေခွဲထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး၊ မျိုး၊သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို သုံးရက်ခြားတစ်ကြိမ်နှုန်းဖြင့် သတ်တမ်း နှစ်လခန့်အထိ ခူးဆွတ်ရပြီး တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၂၀၀-၁၃၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့နှင့် ညောင်လေးပင်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ရုံးပတီသီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source:** ကြေးမုံသတင်းစာ

## မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ ပဲစင်းငုံသီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း ပဲစင်းငုံသီးနှံစိုက်ပျိုးမှုအနေဖြင့် မြင်းခြံမြို့နယ်တွင် ၅၈၉၃ ဧက၊ တောင်သာမြို့နယ်တွင် ၁၈,၉၃၁ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၇၉,၂၆၁ ဧကစုစုပေါင်း ၁၀၄,၀၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို မေလနှင့်ဇွန်လများတွင်စိုက်ပျိုးပြီးဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီးထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် ပဲစင်းငုံရွှေဒင်္ဂါးမျိုးများကို စိုက်ပျိုးကြကြောင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုးစေ့နှင့် လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၃၀,၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ပျမ်းမျှ ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်မြို့ဘုရင့်နောင် ကုန်စည်ဒိုင်ရှိပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## လပွတ္တာမြို့နယ်၌ ပင်လယ်ငါးခြောက်မျိုးစုံ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပင်လယ်ငါးခြောက်မျိုးစုံ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက် မျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။


လပွတ္တာမြို့နယ်၌ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ပင်လယ်ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊တစ်ရက်လျှင် ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာ ၅၀၀ မှ ၂၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပင်လယ်ငါးခြောက်မျိုးစုံ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိတစ်ရက်ကို ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာ ၂၅၀၀ လောက်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဒေသထွက် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် နေပြည်တော်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းကပြောပြသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသည့် ငါးကွမ်းရှပ်(ငါးညို)၊ ငါးလိပ်ကျောက်၊ငါးပုတ်သင်၊ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူ စသည့်ပင်လယ်ငါးခြောက်များ အများဆုံးအရောင်းအဝယ်ဖြစ်လျက်ရှိပြီး အဆိုပါပင်လယ်ငါးခြောက်များမှာ ဈေးနှုန်းအသီးသီး ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## ကင်ညာနိုင်ငံသည် ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန်အတွက် အာရှတလွှားရှိကော်ဖီ ဝယ်ယူသူများအား မျက်စိကျလျက်ရှိ



ကင်ညာနိုင်ငံသည် ၎င်း၏ဥရောပနှင့်မြောက်အမေရိကရှိ ကော်ဖီရောင်းချမှု ဈေးကွက်အား ကွဲပြားစေရန်နှင့် ပို့ကုန်ဈေးကွက် ချဲ့ထွင်ရန်ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ဖေဖော်ဝါရီ၊ ၂၀ ရက်နေ့က ကျင်းပသော The Africa Coffee Trade Fair 2025 တွင် အာရှဝယ်လက်ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံခဲ့သည်။

တစ်ရက်တာကျင်းပသော အဆိုပါပွဲတွင် ကင်ညာနိုင်ငံမှ ထုတ်လုပ်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်တရုတ်နှင့် တောင်ကိုရီးယားမှ ကော်ဖီတင်သွင်းသူ ၅၀ ကျော်ကိုခေါ်ယူခဲ့သည်။

ကင်ညာအမျိုးသားစာရင်းအင်းဗျူရို၏ မကြာသေးမီက စာရင်းဇယားများအရ ကင်ညာနိုင်ငံ၏ ကော်ဖီတင်ပို့မှုကဏ္ဍသည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပြီး၂၀၂၃ ခုနှစ်အတွင်း ကင်ညာနိုင်ငံသည်ကော်ဖီတန်ချိန် ၄၈၆၄၈ တန် ထုတ်လုပ်ခဲ့ကာ တင်ပို့မှုမှအမေရိကန် ၂၅၁ ဒသမ ၈၆ သန်းရရှိခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံသည် လက်ဖက်ပန်းမန်များနှင့်အတူ ကော်ဖီတင်ပို့မှုမှ နိုင်ငံခြားငွေ အဓိကရရှိနေခြင်းဖြစ်သည်။ အာရှဈေးကွက်များသို့ တိုးချဲ့ခြင်းသည် ကင်ညာကော်ဖီသမားများ၏ လက်ရှိကင်ညာကော်ဖီ ၇၀ ရာခိုင်နှုန်းကျော်ကို ဝယ်ယူနေသည့် မြောက်အမေရိကနှင့်ဥရောပတို့အပေါ်၎င်းတို့၏ မှီခိုအားထားမှုကိုလျှော့ချရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း နိုင်ရိုဘီ ကော်ဖီအိတ်ချိန်း၏အမှုဆောင်အရာရှိချုပ် Lisper Ndungu က မှတ်ချက်ပြုခဲ့သည်။

အာရှတွင်လူလတ်တန်းစားများတိုးပွားလာမှုသည် လယ်သမားများအား ၎င်းတို့၏ ကော်ဖီထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် ၁၉၈၉ ခုနှစ်က တန်ချိန် ၁၃၀,၀၀၀ ဖြင့် ထုတ်လုပ်မှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သော ကဏ္ဍကိုပြန်လည်အသက်ဝင်လာအောင် တွန်းအားပေးရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Lisper Ndungu က ဆက်လက်ပြောကြားခဲ့သည်။

African Fine Coffee Association ၏ ဒုတိယဥက္ကဋ္ဌ Karuga Macharia က ကင်ညာသည် e-commerce ပလက်ဖောင်းများနှင့်ဒေသတွင်းအထူးကော်ဖီပြပွဲများမှ တစ်ဆင့်တိုက်ရိုက်ရောင်းချမှုကို မြှင့်တင်ခြင်းဖြင့် ကင်ညာသည် အာရှဈေးကွက်ကို ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ရန်အကြံပြုခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## MSME လုပ်ငန်းများတင်ပို့မှုကြီးထွားရန်အတွက် AI ကိုအသုံးချရန် အင်ဒိုနီးရှားဝန်ကြီး တိုက်တွန်း




အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Budi Santoso က MSME လုပ်ငန်းများအား ၎င်းတို့၏ စီးပွားရေးစွမ်းရည်နှင့် တင်ပို့ရာဈေးကွက်ဝင်ရောက်မှု မြှင့်တင်ရန်အတွက် AI ပါဝင်သော နည်းပညာများကို အသုံးချရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဝန်ကြီးက AI သည် MSME လုပ်ငန်းများအား ၎င်းတို့၏ တင်ပို့ရာဈေးကွက်များ၏ အရေးပါသော အချက်အလက်များစုစည်းရန်၊ ပို့ကုန်ဦးတည်ရာနိုင်ငံများ၊ ပြည်ပကုန်သွယ်မှုစည်းမျဉ်းများနှင့် စားသုံးသူများကိုဆွဲဆောင်နိုင်သည့် ထုတ်ကုန်ဒီဇိုင်းများနှင့်ပတ်သက်၍ ကူညီပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးရုံးတွင် ၂၁.၂.၂၀၂၅ ရက်နေ့က ကျင်းပခဲ့သည့် Gemini Academy ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးက MSME လုပ်ငန်းရှင်များကစီးပွားရေးနှင့်စီမံခန့်ခွဲမှု၏များစွာသောရှုထောင့်များကို ရှာဖွေရာတွင် AI ၏ပံ့ပိုးပေးနိုင်မှုအလားအလာကို အသားပေးပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးက အောင်မြင်မှုရရှိရန်အတွက် MSME လုပ်ငန်းများသည် အားကောင်းသောယှဉ်ပြိုင်နိုင်စွမ်း၊ ထိရောက်သောစီမံခန့်ခွဲမှုနှင့် ထုတ်ကုန် တည်ငြိမ်ရေးတို့ကို ပိုင်ဆိုင်ထားရမည်ဖြစ်ကြောင်းနှင့် AI သည် ပိုမိုမြန်ဆန်လွယ်ကူသော သတင်းအချက်အလက်လမ်းကြောင်းကို ပံ့ပိုးပေးနိုင်မည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် ထိုသို့အောင်မြင်မှုအခွင့်အလမ်းမြင့်တက်လာမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်အရေအတွက်ကိုမြင့်တက်လာနိုင်ပြီး ထိုမှတစ်ဆင့် လတ်တလောတွင် ၃ဒသမ ၄၇ ရာခိုင်နှုန်း၌ ရပ်တည်နေသည့် အင်ဒိုနီးရှားနိုင်ငံ ၏စီးပွားရေးလုပ်ငန်းရှင်အချိုးကို မြှင့်တင်ပေးနိုင်မည်ဟု သိရသည်။

ထိုကိန်းဂဏန်းပမာဏသည် အချိုး ၄ ရာခိုင်နှုန်းကျော်သည့် ထိုင်းနှင့် မလေးရှားတို့နှင့်နှိုင်းယှဉ်ပါက အတန်အသင့်နည်းပါးကြောင်းနှင့် Santoso ၏အဆိုအရ အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးလုပ်ငန်းရှင်အချိုးမြင့်တက်လာမှုသည် နိုင်ငံ၏ ၂၀၄၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးတိုင်းပြည်ဖြစ်လာရန် ရည်မှန်းချက်ကိုကူညီပေးနိုင်မည်ဟု သိရသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ဈေးကွက်တိုးချဲ့ခြင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာရေးနှင့် ပြည်ပသို့ထုတ်ကုန်များ တင်ပို့နိုင်သည့် MSME လုပ်ငန်းအရေအတွက် မြင့်တက်ရေးစသည့် ဦးစားပေးပရိုဂရမ် ၃ ခုကိုအာရုံစိုက်ထားကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးဌာနသည် MSME လုပ်ငန်းများအတွက် အလားအလာရှိသောဝယ်ယူသူများနှင့် စီးပွားရေးချိတ်ဆက်ပေးရာတွင် လွယ်ကူချောမွေ့စေရေးပွဲပိုးပေးလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (26.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,412 (Shares) | 7,212,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | -100 | -1.37% | 7,400 | 7,400 | 7,200 | 351 | 2,558,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 702 | 2,074,800 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 10 | 80,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,900 | 1,950 | 1,900 | 103 | 195,750 | 29,664,613 | 57,846 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 6 | 17,100 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,550 | 1,033 | 1,602,800 | 19,977,223 | 31,964 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 17 | 66,300 | 10,497,598 | 40,941 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 190 | 617,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.13 | -2.12 | -0.58% | 365.13 | 365.13 | 359.78 | 2,412 | 7,212,650 | 8 | 683,049 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Feb. 2025

| Trading Volume | Trading Value |
| --- | --- |
| 2,412 (Shares) | 7,212,650 (MMK) |

## Main Board

As of 1:00 pm, 26th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 2,412 (Shares) | 7,212,650 (MMK) |

| MYANPIX | 362.13 ▼ 2.12 |
| --- | --- |
| Total Volume (shares) | 2,412 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 683,049 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 7,200 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 2,850 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,900 | ▼ 50 |
| MAEX | 00008 | 3,250 | ▲ 0 |